မြန်မာခရစ်ယာန်မိသားဟာယအသင်းတော်

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ____ Volume5/ Issue 2/February/ 2012*



ခရစ်ယာန်လူငယ် နှင့် ခရစ်ယာန်အသက်တာ၊ ခရစ်ယာန်အိမ်ထောင်ရေး အတွက် ညစဉ်ခွန်အားမှ အကြောင်းအရာလေးကို လက်ဆင့်ကမ်းလိုက်ပါသည်။

ခပ်သိမ်းသောသူတို့၌ မင်္ဂလာဆောင်ခြင်းအမှုနှင့် သစ္စာသံဝါသပြုခြင်းအမှုသည် အသရေရှိစေလော့။
ဟေဗြဲသြဝါဒစာ၊ ၁၃း၄

## "အသရေရှိစေ ..."

တာချီလိတ်မြို့တိုင်းရင်းသားနှမ်ခြင်းအသင်းတော်ကထူးခြားသောအသင်းတော်ဖြစ်ပါသည်။ မြန်မာ၊ ကရင်၊ လီဆူ၊ ရှမ်း၊ ဝ၊ အခါ၊ ကချင် ...စသည်ဖြင့် တိုင်းရင်းသားမျိုးစုံပါဝင်၍ယဉ်ကျေးမှုအမျိုးမျိုး၊ ဓလေ့ထုံးစံနောက်ခံအမျိုးမျိုး၊ ဘာသာစကားအမျိုးမျိုးရှိနေခဲ့ရာ၊ အသင်းတော်ထဲမှာ အဖြစ်အပျက်အထူးအဆန်းလည်း များပါသည်။ သင်းအုပ်ဆရာလုပ်နေသော ဆရာတော်ခမျာလည်း အားလုံးကို နားလည်ပေးရသဖြင့် ကြာလာလျှင် နည်းနည်းတော့ အူတူတူဖြစ်လာပုံရပါသည်။ သို့သော် ဆရာတော်ကကြိုးစား၍အမှုတော်ဆောင်ပါသည်။ ကျွန်တော်တို့ဆီမှာပြဿနာတစ်ခုရှိတယ်၊ လူငယ်တွေကို ဘုရားရှိခိုးကျောင်းမှာ လက်ထပ်ပေးချင်ပေမယ့်၊ မလုပ်နိုင်ဘူး၊ သူတို့က လွန်ကျူးပြီးမှ လက်ထပ်ဖို့ဖြစ်လာတာကြောင့် ဘုရားကျောင်းမှာ သန့်ရှင်းသော မင်္ဂလာဝတ်မပြုပေးရတာ စိတ်မကောင်းဘူးဟု ညည်းတွားပါသည်။ ယုံကြည်သူ လူငယ်များအနေနှင့်ကလည်း ဒီလိုနေရာဒေသမှာ အတုမြင်အတတ်သင်၊ သွေးဆောင်ခြင်းများစွာခံရတာမို့ဘယ်လိုလုပ်ရမလဲ၊ အရိုးဆိုရင်အဖူးတူနေပြီးမှ လမ်းခွဲသွားတာတောင်ရှိသေးတယ်ဟု ပြောပြပါသည်။

အထူးသဖြင့် ချစ်သူများနေ့(ဗယ်လင်တိုင်းနေ့)သို့နီးလာသောအခါဆရာတော်ခမျာပို၍ရင်မောရပါသည်။ ချစ်သူများနေ့မှာ ချစ်သူတွေက အထူးပျော်၊ အမူးပျော်၊ အရူးပျော်ကြရာ များစွာသောအပျိုစင်တန်ဖိုး၊ လူပျိုစင်တန်ဖိုးများဆုံးရှုံးသွားရပါသည်။ ဤဖက်ကမ်းမှာ မလုံခြုံလျှင် ဟိုတစ်ဖက်ကိုကူးပြီး တည်းခိုစရာနေရာတွေမှာ ချစ်သူများနေ့ကျင်းပနိုင်ပါသည်။ နယ်စပ်ကူးသော တံတားအဆုံးမှာ၊ ယိုးဒယားမကလေးများက ဇနီးနှင့်အပြည့်ထည့်ထားသော အကာအကွယ်များကိုပြုံးပြုံးရွှင်ရွှင်နှင့်အခမဲ့လက်ဆောင်ပေးနေရာ ...လူငယ်များဘယ်လိုနောက်ဆုတ်နိုင်ပါ့မလဲ၊ အဲဒါနဲ့ပဲ ဘုရားကျောင်းမှာ သန့်ရှင်းသော မင်္ဂလာဝတ်ကို ဆင်နွှဲရန်အတွက် အခွင့်အလမ်းကုန်ခမ်းသွားခဲ့ရပါသည်။ ဘုရားသခင်ရှေ့ လူတို့အရှေ့မှာ လက်မထပ်နိုင်တာ နမြောစရာဖြစ်ကြောင်း နောင်းကာလကျမှ သိရတာမျိုးဖြစ်ပါသည်။ တကယ်တော့ ...ဘုရားသခင်က သန့်ရှင်းသော ဘုရား (Holy God) ဖြစ်ပါသည်။ နှုတ်ကပတ်တော်က သန့်ရှင်းသော သမ္မာကျမ်းစာ (Holy Bible) ဖြစ် ပါသည်။ အသင်းတော်ကလည်း သန့်ရှင်းသော ဗိမာန်တော် (Holy Church) ဖြစ်ပါသည်။ ထို့ကြောင့် ခမ္ဘဝတ်များနှင့် သက်ဆိုင်သမျှ သန့်ရှင်းရန် လိုအပ်ပါသည်။ လူငယ်တို့အတွက် တမန်တော် ရှင်ပေါလုက နှိုးဆော်သော အချက်(၆)ချက်ရှိပါသည်။ အခြားသူကိုပုံသက်သေပြရန် လိုအပ်သောအကြောင်းများမှာ ...

(၁) စကားပြောခြင်း၊ (၂) ကျင့်ကြံပြုမူခြင်း (၃) သူတစ်ပါးကိုချစ်ခြင်း (၄) ဝိညာဉ်သဘောရှိခြင်း (၅) သစ္စာစောင့်ခြင်းနှင့် (၆) စင်ကြယ်ခြင်း ...တို့ဖြစ်ပါသည်။ (၁တိ၊ ၄း၁၂) ဤအချက်များက လူငယ်တို့၏အလင်းကိုဖော်ပြနိုင်ပါသည်။ စင်ကြယ်ခြင်းသည်လည်းအရေးပါသဖြင့် ချစ်သူထားခြင်း၊ လက်ထပ်ရန်ရည်မှန်းခြင်း၊ လက်ထပ်ခြင်းအမှုမှာလည်း စင်ကြယ်ဖို့ရန် သန့်ရှင်းဖို့ရန် လိုအပ်ပါ၏။

သက်သေခံချက်၊–

## ခွန်အားယူစရာ...နေ့စဉ်သက်တာ

လွန်ခဲ့သော (၂၀၀၇) ခုနှစ် ခရစ္စမတ်တွင် ကျွန်မ၏ခင်မင်သော မိတ်ဆွေတစ်ဦးထံမှ Guideposts (၅)နှစ်စာကို ခရစ္စမတ်လက်ဆောင်အဖြစ် လက်ခံရရှိသောကြောင့် သူမအားအထူးပင်ကျေးဇူးတင်ပါသည်။ သူမအပေါ် ဘုရားသခင် ကောင်းကြီးပေးပါစေ။–––အာမင်။

ကျွန်မသည် (၂၀၀၈) ခုနှစ် ဇန်နဝါရီလထုတ် Guideposts ကိုဖတ်ရာတွင်၊ တစ်ခုသော ရေးသားထားသည့် အကြောင်းအရာမှာ ကျွန်မ၏တွေ့ကြုံခံစားရသော အဖြစ်အပျက်နှင့် တိုက်ဆိုင်နေပါသောကြောင့် ထိုအကြောင်းကို ပြန်လည်ဝေမျှရင်း သက်သေခံပါသည်။

ထိုသူရေးထားသည်ကို ဆီလျော်အောင်ပြောပြရလျှင်၊ "လေယာဉ်ခရီးသွားရမည်ကို စိုးရိမ်ထိန့်လန့်ခြင်း"ဖြစ်သည်။ ထိုသူ၏အလုပ်ကိုင်မှာ လေယာဉ်ခရီးဖြင့် နိုင်ငံတဝှမ်းလုံးသို့ လှည့်လည်ကာ တိုက်တွန်းနှိုးဆော်ရသူ (Motivational speaker) တစ်ဦးဖြစ်ပါသည်။ သို့သော်လည်း နှစ်ပေါင်းကြာလာသည့်အခါ သူသည်လေယာဉ်ခရီးသွားရမည်ကို အလွန်အမင်း ကြောက်ရွံ့ထိန့်လန့်မှု ရှိလာသည်။ လေယာဉ်ပြေးလမ်းပေါ်ရောက်သည်နှင့် သူ၏လက်များမှာ ချွေးစေးများထွက်ခြင်း၊ သွေးခုန်နှုန်း တိုး၍မြန်လာခြင်းများ ရှိလာသည်။ ဒါဟာအကြောင်းမညီညွတ်လို့ ဖြစ်တာပါဟု သူ့ကိုယ်သူပြောနေသော်လည်း ဘာမျှခြားနားမှုမရှိပေ။ စိုးရိမ်ထိန့်လန့်မှုကသာ လွှမ်းမိုးနေသည်။ ထိုအခါ သူသည် လက်ကောက်ဝတ် အဆစ်ဖြူဖွေးလာသည်အထိ လေယာဉ်၏ ထိုင်ခုံလက်ကိုင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။ အထူးသဖြင့် လေယာဉ် မြေပြင်မှအတက်နှင့် မြေပြင်သို့ဆင်းသက်ချိန်များမှာ အခက်ခဲဆုံးဖြစ်သည်။ သူသည် သံမဏိစိတ်ဓါတ်နှင့် တိုက်တွန်းပြောဆို၍ သူတစ်ပါးကို အားပေးကူညီ နေသော်ငြားလည်း သူကိုယ်တိုင် ခံစားနေရသော ကြောက်ရွံ့ထိန့်လန့်မှုဒုက္ခက မပျောက်ပေ။

တနင်္ဂနွေနေ့တိုင်းတွင် သူသည် ဘုရားသခင်ထံမှာ သူခံစားနေရသော စိုးရိမ်ထိန့်လန့်ခြင်း အမှုအရာကို ဖယ်ရှားပေးပါရန် စတင်၍ ဆုတောင်းခဲ့ရာ၊ လပေါင်းများစွာကျော်ဖြတ်လာသော်လည်း သူ၏ကြောက်စိတ်က ဆက်လက်ရှိနေဆဲပါ။ ဒီလိုနဲ့ တစ်နေ့သော တနင်္ဂနွေနေ့မှာ ဘုရားရှိခိုးကျောင်းတွင် သူ၏ဇနီးအနားမှာ ဒူးထောက်လျက် ဆုတောင်းနေစဉ် သူသည် အပေါ်သို့မော့ကြည့်လိုက်ရာ၊ ထိုစဉ် သူ၏အရှေ့ ခပ်လှမ်းလှမ်း ခုံတန်းတွင် လူတစ်ဦး မတ်တပ်ရပ်နေသည်ကို တွေ့သည်။ ထိုလူသည် သူ့အားလှည့်၍ ပြုံးပြပြီး၊ အလယ်လမ်းမှလျှောက်လာကာ သူ၏ခုံတန်းတွင်ရပ်ပြီး လက်ကမ်း၍ ကဒ်ပြားလေး တစ်ခုထည့်ကာ အလယ်လမ်းကို ဆက်ရှောက်သွားသည်။ သူကဘယ်လိုလဲ?၊– ထူးခြားလိုက်တာလို့ တွေးမိသည်။ ဆုတောင်းပြီး၍ မတ်တတ်ရပ်ကာထိုကဒ်ကို အမြန်ကြည့်လိုက်၏။ ရေးထားသည်ကို ဖတ်ကြည့်သော်၊–

"ထာဝရအရှင်ဘုရားသခင်–

ကိုယ်တော်ရှင် ပေးထားသော အလုပ်အကိုင်အတွက် အကျွန်ုပ် ခရီးသွားနေစဉ်အခါ ကျေးဇူးပြု၍ကွယ်ကာစောင့်ရှောက်တော်မူပါ။ အိမ်အပြန်ခရီးတွင်လည်း အကျွန်ုပ်၏မိသားစုထံသို့ ချောမောစွာ ပို့ဆောင်တော်မူပါ" ဖြစ်သည်။

သူသည် ထိုလူအား လှည့်ကြည့်လိုက်ရာ ထိုလူထွက်သွားပါပြီ။ မရှိတော့ပါ။ ထိုစဉ် သူ၏ဇနီးက "ကောင်းကင်တမန်ဖြစ်နိုင်တယ်"ဟုပြောရာ၊ သူက "မသေချာပါဘူးကွာ"လို့ ပြန်ပြောလိုက်သည်။ သို့သော်လည်း ထိုကဒ်ပြားကိုခေါက်၍ သူ၏ ပိုက်ဆံအိတ်အတွင်းသို့ ထည့်လိုက်၏။

နောက်တစ်ကြိမ် သူ၏ခရီးစဉ်တွင် ထိုကဒ်ပြားလေးကို ထုတ်ဖတ်ရင်း လေယာဉ်အထွက်ကိုစောင့်နေပါတော့သည်။ သူ၏သွေးခုန်နှုန်းမှာ တိုး၍မြန်နေသော်လည်းစိုးရိမ်ပူပန်ခြင်းကသက်သာလာသည်။ ဒီလိုနဲ့ နောက်ခရီးစဉ်များမှာ သူသည် စိုးရိမ်ကြောင့်ကြခြင်း လျော့နည်းလာသည်ကို ခံစားရသည်။ အဆုံးမှာ ထိုအရာကို မလုပ်ဘဲနှင့် ကြောက်ရွံ့စိုးရိမ်မှု မရှိတော့ပါ။ လေယာဉ်ထိုင်ခုံလက်ကို တင်းကျပ်စွာ ဆုတ်ကိုင်ထားခြင်း၊ လက်ဖဝါးမှ ချွေးစေးထွက်ခြင်းလည်း မရှိတော့ပါ။

ယခုတော့ ခေါက်ချိုးခေါက်ထားသော ကဒ်ပြားလေးမှာ စုတ်ပြဲလို့နေပါပြီ။ သို့ပေမဲ့ ထိုကဒ်ပြားသည် သူ၏ပိုက်ဆံအိတ်ထဲမှာ ဆက်လက်ရှိနေဆဲပါ။ သူ၏အနေဖြင့် ဘယ်သူက? ဘာဖြစ်လို့? သူအားပေးသွားတာလဲ? ဆိုတာကို မသိပါ။ သို့သော် ထိုတနင်္ဂနွေနေ့က သူ၏ ဆုတောင်းချက် အဖြေဆိုတာကိုတော့ သူသိလိုက်ပါသည်။

ကျွန်မ၏ခင်ပွန်းသည် ဝန်ထမ်းဘဝမှ အငြိမ်းစားယူပြီးနောက် WFP တွင် တာဝန်ထမ်းဆောင်သူတစ်ဦး ဖြစ်သောကြောင့် သူ၏တာဝန်ကျရာနေရာ ကမ္ဘာတစ်ဝှမ်းသို့ ပြောင်းရွှေ့ကာ မိသားစုအတူ လိုက်နေထိုင်ခဲ့သည့် (၁၅)နှစ်ကျော် အချိန်ကာလအတွင်းမှာ တာဝန်ဖြင့်တစ်မျိုး၊ အလည်အပတ်အဖြစ် တစ်ဖုံ၊ အပန်းဖြေခရီးအဖြစ် တစ်သွယ်၊ အိမ်ပြန်ခရီးအဖြစ် မြန်မာပြည်သို့ အခေါက်ခေါက်သွား ခဲ့ရသည့် လေယာဉ်ခရီးစဉ်ပေါင်းမှာ များလွန်းလှပေသည်။ ပြည်တွင်းခရီးစဉ်မှသည် တစ်နေ့နှင့်တစ်ညဉ့်မက ထောင်ဂဏန်းချီ မိုင်ပေါင်းများစွာသော ခရီးဝေးလေယာဉ် စီးရသည့်အခါများလည်း ရှိပါသည်။

ကျွန်မသည်လည်း အထက်၌ဖော်ပြထားသော သူကဲ့သို့ပင် လေကြောင်းခရီးစဉ်တိုင်းတွင် လေယာဉ်ပြေးလမ်း အတက်နှင့်အဆင်းအပြင်၊ လေဖွေလှိုင်း(Turbulence)အတွင်း ရောက်လျှင် စိုးရိမ်ထိန့်လန့်မှုက ထိန်းမရနိုင်ပါ။ တခါတရံ အသက်ရှူဖို့ပင်မေ့ကာ၊ စက္ကန့်ပိုင်းမျှ သတိလစ်သွားတတ်ပါသည်။ ထိုသို့မဖြစ်ရန် လေယာဉ်ထိုင်ခုံလက်ရမ်းကို တင်းကျပ်စွာ ဆုတ်ကိုင်ထားခြင်း၊ သို့တည်းမဟုတ် ကျွန်မ၏ခင်ပွန်းသည်လက်ကကို တင်းကျပ်စွာ ဆုတ်ကိုင်ထားမိသဖြင့် နာလွန်းလို့ ဘုကြည့်ကြည့်ခံရပေါင်းလည်း မနည်းပေ။ သို့ရာတွင် ဇနီးဖြစ်သူ၏ခံစားနေရခြင်းကို နားလည်ကာ ကြင်နာမှု အပြည့်အဝ ရှိပါသည်။

ကျွန်မဘာကို စိုးရိမ်ပြီးထိန့်လန့်နေသလဲ?– ဟုကိုယ့်ကိုယ်ကို ပြန်လည်ဆန်းစစ်သည့် အကြိမ်ပေါင်းလည်း မနည်းပေ။ ကျွန်မသည် ကျန်းမာရေး အားနည်းခြင်းကြောင့် မော်တော်ကားဖြင့်ခရီးဝေးသွားလျှင်ပင် မူးမော်ပြီး ဦးခေါင်းမထောင်နိုင်ပါ။ တောင်တက်လမ်း၌ အကွေ့အကောက်များလျှင် မူးဝေ၍ (၁၅)မိနစ် တစ်ခါနီးပါး အော့အန်တတ်သူတစ်ဦးဖြစ်၍ ခရီးဝေးကို မသွားချင်ပါ။ ခရီးထွက်သည့်အခါတိုင်းလိုလိုပင် ခင်ပွန်းသည်၏ ပေါင်ပေါ်မှာ လှဲအိပ်ခဲ့ရပါသည်။ ထို့ကြောင့် လှိုင်းမူးတတ်သဖြင့် လှေ/သင်္ဘော မစီးချင်ပါ။ အမြင့်ကို ကြောက်တတ်သဖြင့် လေကြောင်းခရီးကိုလည်း မသွားလိုပါ။

ဘုရားသခင်သည် အဘယ်ကြောင့် ကျွန်မကို ခရီဝေးသွားရန် စီစဉ်ခဲ့ပါသနည်း?၊– ကျွန်မသည် ဘုရားရှင်ကို အားကိုးစိတ်ချသည်။ ဘုရားရှင်၏ဂတိတော်များကိုလည်း ယုံကြည်သည်။ ဘုရာသခင်ထံ ဆုတောင်း၍ ခရီးစဉ်တိုင်းကို အပ်နှံပါသည်၊ (သုတ္တံကျမ်း၊၃း၅–၆) ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ကိုးစားလော့။ ကိုယ်ဉာဏ်ကိုမမှီမပြုနှင့်။ သွားလေရာရာ၌ ထာဝရဘုရားကို မျက်မှောက်ပြုလော့။ သို့ပြုလျှင် သင်၏လမ်းခရီးတို့ကို ပဲ့ပြင်တော်မူမည်။– ဆိုသည့် ရွှေကျမ်းချက်ကို နှလုံးသွင်းပါ၏။

သို့သော် ထိုစိုးရိမ်ထိန့်လန့်မှုကပင် ဘုရားသခင်၏ ကျွန်မအပေါ်တွင် ဘယ်မျှချစ်တော်မူကြောင်းနှင့် ဂရုစိုက်တော်မူကြောင်းကို ဖော်ပြနေပါသည်။ ခရီးလမ်း အစ … အလယ်… အဆုံးတိုင်အောင် ဘုရားသခင်ထံ ဆုတောင်းချီးမွမ်းခြင်းဖြင့် လွန်ခဲ့သော နှစ်ပေါင်းများစွာ အတွင်းမှာ သွားလာခဲ့ရသော ကျွန်မ၏ခရီးစဉ် အားလုံးတိုင်းပင် စိတ်အနှောက်အယှက်မရှိဘဲ သွားလိုရာ ခရီလမ်းကို ချောမောစွာ ရောက်ရှိမြဲဖြစ်ပါသည်။

ပင်လယ်ကိုဖြတ် … သမုဒ္ဒရာကျော်ကာ
တောင်ပေါ်ချိုင့်ဝှမ်း … လွင်ပြင်မကျန်ပါ
လေဟင်ဝေဟံထဲ … ဝဲပျံသွားရတဲ့ခရီး
ရေအဆုံး … ကုန်းအနှံ့ပါ။

ကြောက်မက်ဘွယ် … လေလှိုင်းသဏ္ဍာန်
ရိုက်ခတ်လာသည့် … နှလုံးခုန်မြန်တိုင်း
ရင်ခွင်တော်မှီလျက် … ငြိမ်သက်မှေးစက်
'ငါ' ရှိပြီ … မစိုးရိမ်နှင့်
'ငါ'သည်သင့်ကို … စွန့်ပစ်မထား
မိန့်တော်သံကို … အစဉ်ကြား။

"ဘုရားသခင်၏ဘုန်းတန်ခိုးတော်ထင်ရှားပါစေ"

မဆိုရှယ်
(မော်တင်လိန်း)

Mailing Address- Burmese Christian Fellowship. 11410 Telechron Ave. Whittier, CA 90605

Phone (562) 944-9091 www.bcfla.org

# ဂတိတော်ရှိသည့်အတိုင်းပြည့်စုံသောဆုတောင်းခြင်း

ကျွန်ုပ်တို့အသက်တာတွင် ဆုတောင်းခြင်းသည် ဘုရားသခင်ထံတော်ပါးသို့တိုးဝင်ချဉ်းကပ်ကာ စိတ်ဝိညာဉ်ချင်း ထိတွေ့နေသောရှင်သန်နေသည့် ခရစ်ယာန်အသက်တာပင်ဖြစ်သည်။

ဘုရားသခင်သည် ဆုတောင်းခြင်းနှင့် ပတ်သက်သောဂတိတော်များကို ကျွန်ုပ်တို့အတွက် အကျိုးပြုရန်နှင့် လိုက်နာဆောင်ရွက်ရန် နှုတ်ကပါတ်တော်မြတ်၌ ဖော်ပြထားသည်။ ဘုရားသခင်သည် ဆုတောင်းခြင်းကိုလက်ခံပြီး အဖြေပေးတော်မူ၏။ ခေါ်သောအခါလည်း ထူးတော်မူ၏၊
(ဆာ၊၈၆း၈)(ယေ၊၃၃း၃)

(မ၊၇း၇၈) တောင်းကြလော့။တောင်းလျှင်ရမည်။ရှာကြလော့။ရှာလျှင်တွေ့မည်။တံခါးကိုခေါက်ကြလော့။ ခေါက်လျှင်ဖွင့်မည်။တောင်းသောသူမည်ကားရ၏။ရှာသောသူလည်းတွေ့၏။ခေါက်သောသူအားလည်း တံခါးကိုဖွင့်၏။

(မ၊၁၈း၁၉) တဖန် ငါဆိုသည်ကား၊ မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်း တူ၍ ဆုတောင်းလျှင်၊ တောင်းသမျှသောဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ခမည်းတော်သည် ပေးတော်မူလတံ့။

(ယော၊၁၄း၁၄) သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစုံတခုသောဆုကို တောင်းလျှင်၊ တောင်းသည် အတိုင်း ငါပြုမည်။

(ယော၊၁၅း၇) သင်တို့သည် ငါ၌တည်၍ ငါ့စကားသည် သင်တို့၌တည်လျှင်၊ သင်တို့သည် တောင်းချင် သမျှကို တောင်း၍ရကြလိမ့်မည်။

(ယော၊၁၆း၂၃) ငါအမှန်အကန်ဆိုသည်ကား၊ သင်တို့သည် ငါ၏နာမကို အမှီပြု၍ ခမည်းတော်မှာ ဆုတောင်းသမျှတို့ကို ခမည်းတော်သည် ပေးတော်မူမည်။

(ယော၊၁၆း၂၄) ယခုတိုင်အောင် ငါ၏နာမကို အမှီပြု၍ သင်တို့သည် အဘယ်ဆုကိုမျှ မတောင်းကြသေး။ သင်တို့သည် ဝမ်းမြောက် စရာအကြောင်း စုံလင်စေခြင်းငှါ တောင်းကြလော့။ ထိုသို့တောင်းလျှင် ရကြ လိမ့်မည်။

အထက်ဖော်ပြပါ အချက်များအပြင် ဆုတောင်းခြင်းနှင့် သက်ဆိုင်သော ရွှေကျမ်းချက်ပေါင်းများစွာ ရှိပါ သေးသည်။

ဆုတောင်းရာတွင်–

၁။ တောင်းခံခြင်း၊

(မဿဲ၊၆း၉) ကောင်းကင်ဘုံ၌ ရှိတော်မူသော ကျွန်ုပ်တို့၏ အဘခမည်းတော်ထံတွင် ရိုသေ လေးမြတ်စွာဖြင့် တောင်းခံရပါမည်။ ဆက်ကပ်အပ်နှံရမည်။ ခိုင်းစေခြင်းမပြုရ။ အမိန့်မပေးရပါ။

၂။ နာမတော်နှင့်ဂတိတော်ကိုအမှီပြုခြင်း၊

ကျွန်ုပ်တို့သည် အဘဘုရားသခင် (ခမည်းတော်) ထံသို့ ယေရှုခရစ်တော်၏ မြတ်သောမဟာ နာမတော်ဖြင့်သာ ဝင်ရောက်နိုင်သည်။ ထိုနာမတော်သည်သာလျှင် ကျွန်ုပ်တို့ဆုတောင်းသည့် အရာများ ကို ရယူနိုင်ရန် အခွင့်အာဏာ ပေးထားသည်။ ယေရှုခရစ်တော်သည် ကျွန်ုပ်တို့၏ လိုအပ်ချက်တိုင်းကို ပြည့်စုံစေသည့် ဆုတောင်းခြင်း၏ သော့ချက်ဖြစ်သည်။ ထိုကြောင့် ဆုတောင်းခြင်း၏ ပြည့်စုံချက် (သို့မဟုတ်) အဖြေသည် ယေရှုခရစ်တော်အားဖြင့် ကျွန်ုပ်တို့၏ ရပိုင်ခွင့်အဖြစ် ဂတိတော်ထားရှိသည်။

၂။ အဖြေကိုမျှော်လင့်ခြင်း၊

ဆုတောင်းရာတွင် အဖြေရမည်ဟု မျှော်လင့်ခြင်းဖြင့် တောင်းရမည်။ အဖြေမရရှိသေးပါက၊ သချော်ပုစ္ဆာတွက်သကဲ့သို့ တစ်နေရာ၌ မှားယွင်းနေသလား။ အဆင့်ကျော်သွားသလား ဆိုသည်ကို သတိပြုရပေမည်။ ထိုသို့ဖြစ်ခဲ့သော် ကျွန်ုပ်တို့သည် အချိန်ပေးဆပ်ရပါမည်။ အချို့က မိမိတို့အမှားကို မရှာဘဲ အဖြေရရန် စောင့်ဆိုင်းနေကြသည်။ ကျွန်ုပ်တို့သည် အဖြေကို မရရှိသေးပါက၊ ကိုယ့်ကိုကိုယ် ပြန်လည်ဆန်းစစ်ရန် လိုအပ်သည်။ အလိုတော်နှင့်ညီသောဆုကိုသာ တောင်းရမည်။ ဆုတောင်းရာ၌ အဖြေကို မျှော်လင့်ခြင်းမရှိပါက ဆုတောင်းရန်မလိုပေ။

၃။ ယုံကြည်စိတ်ချခြင်း၊

အဖြေမရသော ပြဿနာ၏ အရင်းခံမှာ မယုံကြည်မှုနှင့် သံသယစိတ်ကြောင့် ဖြစ်သည်။ (ယာ၊၁း၆–၈) တွေးတောခြင်းမရှိဘဲ ယုံကြည်သောစိတ်နှင့် တောင်းရမည်။ တွေးတောခြင်းရှိသောသူမည် ကား၊ စိတ်နှစ်ခွရှိသောသူ ပြုလေသမျှတို့၌ မတည်ကြည်သောသူဖြစ်၍၊ ထာဝရဘုရား၏ လက်တော်မှ တစုံတခုကိုရမည်ဟု မထင်မှတ်စေနှင့်။ (မာ၊၁၁း၂၄) သင်တို့သည် ဆုကျေးဇူးကိုရမည်ဟု ယုံကြည်သော စိတ်နှင့်ဆုတောင်းသမျှတို့ကို ရကြလိမ့်မည်ဟု ဂတိတော်ရှိသောကြောင့် ကျွန်ုပ်တို့၏ရပိုင်ခွင့်ကို ယုံကြည် ခြင်းဖြင့် ရဲရင့်စွာ ရယူကြရမည်။

၄။ အချင်းချင်းဖြေလွှတ်ခြင်း၊

(မ၊၁၈း၁၈၊၃၅)မြေကြီးပေါ်တွင် သင်တို့ချည်နှောင်သမျှသည် ကောင်းကင်ဘုံ၌ ချည်နှောင်လျက် ရှိလိမ့်မည်။ မြေကြီးပေါ်မှာ ဖြေလွှတ်သမျှသည် ကောင်းကင်ဘုံ၌ ဖြေလွှတ်လျက်ရှိလိမ့်မည်။ သင်တို့သည် ညီအစ်ကို အချင်းချင်းတို့ကို စိတ်နှလုံးပါလျက် အပြစ်မလွှတ်လျှင်၊ ကောင်းကင်ဘုံ၌ ရှိတော်မူသောဘုရား သခင်သည် ထိုနည်းတူ သင်တို့ကို စီရင်တော်မူမည်။

ခရစ်တော်ပြောကြားခဲ့သောငွေအခွက်တစ်သိန်းအကြွေးတင်သောသူအကြောင်းကိုဆင်ခြင်ပါ။ အချင်းချင်းတစ်ယောက်နှင့်တစ်ယောက်မိမိတို့၏အပြစ်ကို ဖော်ပြလျက် ခွင့်လွှတ်ရမည်။ သူတော်ကောင်း ဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် တန်ခိုးပါ၏။ (ယာ၊၅း၁၆)

၅။ စိတ်သဘောခြင်းတူညီစွာတောင်းခံခြင်း၊

(မ၊၁၈း၁၉)အရ၊ လူနှစ်ဦးတို့သည် စိတ်သဘောချင်း တူညီစွာ ဆုတောင်းသည့်အခါတိုင်းတွင် သခင်ခရစ်တော်သည် သင်တို့နှင့်အတူရှိလျက် သင်တို့၏တောင်းဆုများပြည့်ဝစေရန် ခမည်းတော်ထံပါး မှာတောင်းခံတော်မူမည်။ ခမည်းတော်သည်လည်းပေးတော်မူမည်။

၆။ သန့်ရှင်းသောဝိညာဉ်တော်၏စောင့်မခြင်း၊

(ရော၊၈း၂၆) ငါတို့ မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏။ ငါတို့သည် ဆုတောင်းသင့်သည်အတိုင်း အဘယ်ဆုကို တောင်းရမည်ဟု မသိကြ။ သို့ရာတွင် ငါတို့ဆုတောင်းခြင်း အမှုကို နှုတ်မမြွက်နိုင်သော ညည်းတွားခြင်းအားဖြင့် ဝိညာဉ်တော်သည် စောင့်မတော်မူ၏။ စိတ်နှလုံးကို စစ်တော်မူသောသူသည်လည်း ဝိညာဉ်တော်၏စိတ်သဘောကို သိတော်မူ၏။ အကြောင်းမူကား၊ ဝိညာဉ် တော်သည် သန့်ရှင်းသူတို့၏ ဆုတောင်းခြင်းအမှုကို ဘုရားသခင်၏ အလိုတော်နှင့်အညီ စောင့်မတော် မူ၏။

၇။ ချီးမွမ်းခြင်း၊

(ဖိ၊၄း၆) အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ၊ အရာရာ၌ ကျေးဇူးတော် ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုသောအားဖြင့် သင်တို့တောင်းပန်လိုသောအရာများတို့ကို ဘုရားသခင်အား ကြား လျှောက်ကြလော့။ (၁ပေ၊၅း၇)တွင် သင်တို့ကို သတိနှင့် ကြည့်ရှုတော်မူသောကြောင့် သင်တို့၌ စိုးရိမ်ခြင်း ရှိသမျှတို့ကို ကိုယ်တော်၌အပ်နှံကြလော့၊ ဟုဆိုထားသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား စိုးရိမ် ကြောင့်ကြမှု အသက်တာ၏ ဝန်ထုပ်ဝန်ပိုးများဖြင့် ဖိစီးခြင်းကို မခံစားစေလိုပါ။

ချီးမွမ်းခြင်းသည် ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အပိုင်း ဖြစ်ပါသည်။ ကျွန်ုပ်တို့အား ဘုရားသခင် ပြုတော်မူသောအရာခပ်သိမ်းအတွက် ပြန်လည်ကာ ရွှင်လန်းဝမ်းမြောက်စွာဖြင့် ကျေးဇူးတင်ခြင်းနှင့်အတူ ဘုရား၏ဂုဏ်တော်ကို ချီးမြှောက်ခြင်းဖြစ်ပါသည်။ ဘုရားသခင်အား စိတ်နှလုံးပါလျက် ချီးမွမ်းခြင်းဝတ်ကို အမြဲပြုပါ။ ကျွန်ုပ်တို့ဆုတောင်းထားသည့် လိုအပ်ချက်ပြည့်စုံသောအခါလည်း ထပ်မံ၍ ချီးမွမ်းပါ။ ကျေးဇူး တင်ပါ။ အကြောင်းမှာ ဘုရာသခင် မတတ်နိုင်သည့်အရာ ဘာမျှမရှိပါ။ အလုံးစုံသောအရာကို တတ်နိုင် တော်မူပါ၏။ (က၊၁၈း၁၄။ ယောဘ၊၄၂း၂။ မ၊၁၉း၂၆)

ကျွန်ုပ်တို့သည် ဆုတောင်းခြင်းဖြင့် ဘုရားသခင်၏ကောင်းမြတ်ခြင်းနှင့်မေတ္တာတော်ကို တိုး၍ သိပြီး၊ ကျွန်ုပ်တို့တောင်းသည်ထက် ပို၍ အကောင်းဆုံးကို လုပ်ဆောင်ပေးနိုင်တော်မူသည့် အကြောင်းကို ယုံကြည်ရန် ကိုယ်တော်ရှင် အလိုတော်ရှိပါသည်။

ဆုတောင်းခြင်း၏ ပြည့်စုံမှုသည်လည်း ဘုရားသခင်သည် သခင်ယေရှုခရစ်တော်အားဖြင့် ဘုန်း ထင်ရှားတော်မူခြင်းရှိမည် အကြောင်းတည်း။

တောင်းသောဆုနှင့်ပြည့်ပါစေ။ ... အာမင်။

အမှုတော်မြတ်၌၊–
ရီရီအေး

~~~~~~~~~~~~~~~~~~~~~~~~




# ဆုတောင်းခြင်း၏အဖြေ



### ခပ်သိမ်းသောအရာတို့ကို မိမိတို့၌အချိန်တန်မှ၊ လျှောက်ပတ်စွာ ဖန်ဆင်းတော်မူပြီ။ (ဒေ၊၃း၁၁)

တခါတုန်းက၊ အမျိုးသမီးတစ်ဦးသည် ဘုရားသခင့်ထံတော်ပါး၌ အလှန်လှပသောပန်းနှင့် နှစ်သက် ရှုလိုဘွယ်ကောင်းသော လိပ်ပြာတစ်ကောင်ကို ရယူလိုပါသည်ဟု ဆုတောင်း၏။ ဘုရားသခင် သည် ထိုအမျိုးသမီး၏ ဆုတောင်းသံကို နားညောင်း၍ သူမတောင်းခံသည့် အတိုင်းပင် ကတ္တာရပင် (Cactus)နှင့် ခူကောင်/ဘောက်ဖတ် (Caterpillar) တစ်ကောင်ကို ချပေးတော်မူ၏။

သို့ရာတွင်၊ သူမသည် မိမိ၏ဆုတောင်းချက်နှင့် တက်တက်စင်အောင် လွဲမှားနေသဖြင့် အလွန် စိတ်ပျက်လျက် ဘုရားသခင်သည် သူမ၏ဆုတောင်းခြင်းကို ငြင်းပါယ်တော်မူသည်ဟု ယူဆလိုက်၏။ သူမ သည် ဘုရားသခင် ချပေးသောအရာများကို မလိုခြင်သည့်အတွက် မေ့မေ့ပျောက်ပျောက်နှင့် လျစ်လျူရှု ထားလေ၏။

စဉ်းစားကြည့်ပါ။ အလှန်လှပသောပန်း၏နေရာတွင် ဆူးပေါ်များပြီး၊ အကျည်းတန်သော ကတ္တာရ ပင် (Cactus)နှင့် နှစ်သက်ရှုလိုဘွယ်ကောင်းသည့် လိပ်ပြာကို ပေးရမည့်အစား ခူကောင်/ဘောက်ဖတ် (Caterpillar) ဆိုလျှင်၊ သင်နှင့်ကျွန်ုပ်လည်း မလိုချင်၍ စိတ်ပျက်မိမှာ အမှန်ပါ။

တနေ့တွင်၊ ဘုရားသခင်သည် သူမ၏စိတ်ကိုနှိုးဆော်သဖြင့် မေ့ပျောက်လုနီးပါး ဖြစ်နေသော ကတ္တာရပင် (Cactus)နှင့် ခူကောင်/ဘောက်ဖတ် (Caterpillar) တို့ကို ပြန်လည်သတိရ၍ ကြည့်လိုက် သောအခါ မယုံကြည်နိုင်လောက်အောင် အံ့သြဘွယ်ကောင်းသည့် မြင်ကွင်းတစ်ခုကို တွေ့ရ၏။ ကတ္တာရ ပင် (Cactus)မှာ လှပသော ရောင်စုံပန်းများတို့နှင့် ဖူးပွင့်ဝေဆာ၍ အလွန်တင့်တယ်သော အပင်ဖြစ် လာသကဲ့သို့ ခူကောင်/ဘောက်ဖတ်(Caterpillar) သည်လည်း နှစ်သက်ဖွယ်ရာ ရောင်စုံလိပ်ပြာ အသွင် သို့ကူးပြောင်းခဲ့ပါသည်။

ထိုအခါ၊ သူမသည် ဘုရားသခင်၏ ကောင်းမြတ်တော်မူကြောင်းကိုင်း၊ သူမ၏ဆုတောင်းခြင်း ကိုနားညောင်း၍၊ ပြည့်စုံစွာချပေးတော်မူကြောင်းကိုင်း၊ သိလိုက်ရပါသည်။ မိမိ၏ ဆုတောင်းချက်သည် ငြင်းပယ်ခံရခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏ လုပ်ဆောင်တော်မူချက်ကို နားလည်သဘောပေါက်ရန် အချိန်ပေးထားကြောင်းကိုလည်း ဆင်ခြင်မိ၏။

သင်သည်လည်း သင်၏ဆုတောင်းချက်ကို ငြင်းပယ်သည်ဟု ထင်ရသောအခါ၊
တောင်းတာတခြား၊ ရတာတခြား ဖြစ်နေသောအခါ၊
လျစ်လျူခြင်းခံရသည်ဟု စိတ်ထင်မှားနေသောအခါ၊
စိတ်ပျက်အားမလျော့ဘဲ၊ ယုံကြည်ကိုးစားလျက် ဘုရားသခင့်ထံ ဆက်လက်ဆုတောင်းပါ။

အမှန်ပင်၊ ဘုရားသခင်သည် ကျွန်ုပ်တို့လိုအပ်သောအရာကို ချပေးတော်မူလိမ့်မည်။ ကျွန်ုပ်တို့ လိုချင်သည့်အရာတိုင်းသည် ကျွန်ုပ်တို့အတွက် အမှန်တကယ် လိုအပ်သောအရာဖြစ် ချင်မှဖြစ်မည်။ ကျွန်ုပ်တို့သည် အရာခပ်သိမ်းကို ဘုရားသခင်၏ လက်တော်သို့ အပ်နှံလိုက်ပါ။ အချိန်တန်သောအခါ၌ တင့်တယ်လျှောက်ပတ်စွာ ဖန်ဆင်းပေးသနားတော်မူမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ။

***John Ma***
~~~~~~~~~~~~~~~~~~~~~~~~